# မန်းမင်းသတင်းလွှာ

အမှတ် (၇) အောက်တိုဘာလ (၁၂)၊ ၂၀၁၄

## ထုပ်ပိုးထားသည့်ပြည့်ဝသောဝိညာဉ်အသက်တာ၊ အသင်းတော်နိုးကြားရေးနှင့် အားလုံးသောအ သက်တာ၏ဉာဏ်ပညာ

### လူတိုင်းကိုအကျိုးပြုသောဒေါက်တာဂျေရောက်လီ၏စာအုပ်များ




(၅၇) မျိုးဖြင့် ဘာသာပြန်ထားသောဒေါက်တာဂျေရောက်လီ၏စာအုပ်များကြောင့် ပြန်လည် အသက်ရှင်သူများ၊ အသင်းတော်၏နိုးထမှုများကိုတွေ့ရသည်။ ၎င်းတို့အနက်စာအုပ်ရေ (၁၁၈) အုပ် ကိုဘာသာ စကား (၄၇) မျိုးဖြင့်အင်တာနက်စာမျက်နှာဖြင့်ကြည့်နိုင်သည်။ ဝက်ဘ်ဆိုဒ်အမည်မှာ kindke.amazon.com ဖြစ်သည်။ ကမ္ဘာ့နေရာအနှံ့အပြားရှိလူတို့သည် သူ၏စာအုပ်များကိုဖတ်ရှုခြင်းဖြင့်သမ္မာ ကျမ်းစာ၊ကောင်းကင် နိုင်ငံတော်၊ယုံကြည်ခြင်းတို့နှင့်ဆိုင်သောလျှို့ဝှက်ချက်များကိုရှာဖွေဖော်ထုတ်နိုင်ခဲ့ကြသည်။

"ကျွန်ုပ်အသင်းတော်နှင့်ဝေးကွာပြီးဝိညာဉ်ရေးရာမှလမ်းလွဲခဲ့တယ်။ကျွန်တော်ဒုက္ခများစွာနှင့်ရင်ဆိုင်ခဲ့ရပြီးအပြစ်ထဲမှာ နစ်မွန်းခဲ့တယ်။ အဲဒီအချိန်မှာ ဒေါက်တာဂျေရောက် လီရဲ့တရားဟောချက်တစ်ပိုဒ်ကိုကြားခဲ့တယ်။ သူ့ရဲ့ တရား ဟောချက်ဟာ တမူထူးခြားတာကိုတွေ့ရတဲ့နောက်ပိုင်း သူထုတ်တဲ့စာအုပ်ကို ဝယ်ဖတ်ဖြစ်တယ်။ ထိုစာ အုပ်များသည် အလွန်ပင် အံ့သြဖွယ်ရာဖြစ်သည်။ ကောင်းကင် နိုင်ငံအတွဲ ၁+၂၊ ယုံကြည်ခြင်း၏ပမာဏ (ကောင်းကင်နိုင်ငံနှင့်ယုံကြည်ခြင်းတို့ကိုဖော်ထုတ်ခြင်း) စသည့်စာအုပ်များဖြစ်တယ်။ဘုရားသခင်၏ မျက်မှောက်တော်ကို ခံစားရပြီး သမ္မာကျမ်းစာတွင်ရှိသောတန်ခိုးတော်များကို ဖွင့်ပြခြင်းခံခဲ့ရတယ်။ ကျွန်ုပ်၏အားနည်း ချက်ကြောင့် ပြဿနာများစွာဝင်လာသည်။"

ဒေါက်တာဂျေရောက်လီသည် အစာရှောင်ခြင်း၊ ဆုတောင်းခြင်းကို အကြိမ်ပေါင်းမရေတွက်နိုင်လောက်အောင် များပြားသည့်နောက် ဝိညာဉ်လောက၏ အသိဉာဏ်များပွင့်လာပြီး သူ၏အတွေ့အကြုံများကို စာအုပ်အဖြစ်ရေး သားထုတ်ဝေခြင်းဖြစ်သည်။ ထိုစာအုပ်များအားဖြင့် အသက်တာ၏လမ်းညွှန်ချက်များကို ရနိုင်သည့်အပြင် အ သက်တာတွင်တွေ့ရသည့်ပြဿနာ၏ အဖြေများကိုလည်း ဖော်ပြထားသည်။ ဤစာအုပ်များကိုဖတ်ဖို့ကျွန်ုပ်ထောက်ခံပါရစေ။မသေမီထာဝရအသက်ကိုမြည်းစမ်းခြင်း၊ကျွန်ုပ်ဘဝနှင့်ယုံကြည် ခြင်း (ရောဂါကြောင့် မျှော်လင့်ခြင်းကင်းမဲ့သောသူများအတွက် ဒေါက်တာဂျေရောက်လီ၏သက်သေခံဟောပြောချက်များ)၊ ယုံကြည်ခြင်းပမာဏ (မိမိယုံကြည်ခြင်းကိုဝဖန်ဆန်းစစ်လိုသူခရစ်ယာန်များအတွက် လက်ဝါးကပ်တိုင်၏သတင်းစကား (ဘဝ၏ရည်မှန်းချက်၊ ဘုရားသခင်၏မေတ္တာ၊ နက်နဲသောထောက်ပံ့မှု၊ ဘုရားသခင် ၏ အမြော်အမြင်ကြီးမားမှု) နှင့်ခန္ဓာ၊ စိတ်၊ ဝိညာဉ် (လူသားအစပြုခြင်းနှင့်ဝိညာဉ်လောကကိုနက်နိုင်းစွာ ထိုး ဖောက်ခြင်း) စသည့်စာအုပ်များဖြစ်သည်။ ထို့အပြင် ဒေါက်တာဂျေရောက်လီကစာစဉ်အဖြစ် သူ၏အာဘော်ကိုထင်ဟပ်စေရန်ရေးသားခဲ့သည်။ ဤစာအုပ် များသည် ယုံကြည်ခါစလူသစ်များအတွက် အခြေခံသင်ခန်းစာများဖြစ်သည်သာမက အသင်းတော်ခေါင်းဆောင် များအတွက်လည်း အကျိုးဝင်သည်။ ထိုစာစဉ်များတွင် ပါဝင်မည့်ခေါင်းစဉ်များမှာ ယုံကြည်ခြင်း၊ အဖြေများ၊ ဝတ်ပြုကိုးကွယ်ခြင်း၊ ဆုတောင်းခြင်း၊ ဘုရားနှင့်ဆိုင်သောအနာငြိမ်းခြင်း၊ ပညတ်တော် (၁၀) ပါး၊ တောင်ပေါ်ဒေသနာ၊ ဘေးဒဏ် (၁၀) ပါးစသည်တို့ဖြစ်သည်။ ဤအတွဲလိုက်ထွက်လာသောစာစဉ်စာအုပ်များမှ ယုံကြည်ခြင်းဆိုတာဘာလဲ၊ ကယ်တင်ခြင်းနှင့်ပတ်သက်ပြီး ဘုရား သခင်၏အဖြေကိုဘယ်ရနိုင်မလဲ၊ ထာဝရအသက်၊ ကျန်းမာရေး၊ အသက်ရှည်ခြင်း၊ စည်းစိမ်၊ ကလေးပြုစုခြင်းစသည့်ခေါင်းစဉ်များလည်းပါဝင်သည်။ ဤခေါင်းစဉ်များအားဖြင့် အဘယ်သို့ဝတ်ပြု၍ဆုတောင်းရမည်နည်း၊ ပညတ်တော် (၁၀) ပါးကိုအနက်ဖွင့်ခြင်း၊ စစ်မှန်သောကောင်းချီးမင်္ဂလာများအကြောင်းကို သိရလိမ့်မည်။ ဤစာအုပ် များအားဖြင့် ဒုက္ခဆင်းရဲခြင်းနောက်ကွယ်မှဘုရားသခင်၏အလိုတော်ကိုဖွင့်ပြလိမ့်မည်။

အခြားစာအုပ်များထဲတွင် သင်တန်းတွေက်ပို့ချချက်များ၊ နိုးထမှုဆိုင်ရာတရားဟောချက်များ၊ ခါနန်ပြည်ကို သိမ်းပိုက်ခြင်းရာဇဝင်၊ အသင်းတော်များအတွင်းလမ်းညွှန်းချက်များ၊ တရားဟောချက်ပေါင်းချုပ်၊ အထောက်အကူပြုစာအုပ်များ၊ယုံကြည်သူတို့၏သက်သေခံချက်များ၊ သမ္မာကျမ်းစာလေ့လာနည်းစသည်ဖြင့်ပါဝင်လိမ့် မည်။

ဒေါက်တာဂျေရောက်လီသည် ၂၀၁၄ ခုနှစ်အတွင်းစာအုပ်ပေါင်း (၉၀) ကို ရေးသားထုတ်ဝေကာ ဘာသာစ ကားပေါင်း (၅၇) မျိုးဖြင့်ပြန်ဆိုစေခဲ့သည်။ ထိုစာအုပ်များအားဖြင့် ကမ္ဘာ့အနှံ့အပြားမှ ကယ်တင်ခံရသူများ၊ ယုံကြည်ခြင်းအားကြီးလာသူများထွက်ပေါ်လာစေခဲ့သည်။ ၂၀၁၄ ခု ဇူလိုင်လတွင် ဣသရေလလူမျိုးအ ပေါင်းတို့ နိုးထကြလော့ဆိုသည့်စာအုပ်ကိုအကြိမ် (၃၀၀) မြောက်စာအုပ်အဖြစ် ထုတ်ဝေကာပြောပြီ ဘာသာပြန်စေခဲ့သည်။ သူ၏ဘာသာပြန်ထားသောစာအုပ်များကို ယူအက်စ်တွင် ခဲရစ်စမာမီဒီယာမှ၎င်း၊ ဂျာမနီနိုင်ငံတော်နေလိမှ၎င်း၊ အီတလီနိုင်ငံအီဗင်ဂျလ်လစ်စတာမီဒီယာမှ၎င်း၊ အင်ဒိုနီးရှားနိုင်ငံရှိအနီဒိပ်နှိပ်ထုတ်ဝေသူများမှ၎င်း၊ ထိုင်ဝမ်ရှိကျေးဇူးတော်ပုံနှိပ်တိုက်မှ၎င်း၊အသီးသီးဝယ်ယူရရှိနိုင်သည်။ ထိုစာအုပ်များကိုအမေဇုန်၊ ယူအက်စ်အေရှိဘားနစ်နှင့်နိုဗယ်၊ ယူဂရိန်းနိုင်ငံရှိအသစ်နှင့်အကောင်းဆုံးစာအုပ်တိုက်၊ ထိုင်ဝမ်ရှိအယ်လင်မ်၊ လေဗနွန် နိုင်ငံရှိအန်တိုနစ်ပုံနှိပ် တိုက်စသည့်နေရာများမှတဆင့်နိုင်ငံတကာထုတ်ဝေဖြန့်ချိရေးကို ဆောင်ရွက်နေပါသည်။

နောက်ဆုံးတရတ်ဘာသာဖြင့် ဘာသာပြန်ထုတ်ဝေသည့်စာအုပ်မှာ မာန်ဆောင်သောအပြစ်ဖြစ်၍ ထိုစာအုပ်အပါအဝင် အခြားတရတ်ဘာသာဖြင့် ဘာသာပြန်ထားသောစာအုပ်များကို ၂၀၁၄ ခု ဩဂုတ်လ ၂၇ ရက်မှ ၃၁ ရက်အတွင်းပီကင်းနိုင်ငံတကာစာအုပ်ပြပွဲတွင်ခင်းကျင်းပြသခဲ့သည်။ သူ၏စာအုပ်များသည် လူများ၏ အာရုံကို ဖမ်းစားနိုင်သည်။

# ကောင်းကြီးမင်္ဂလာ

"သင့်ကိုကောင်းကြီးပေးသောသူကို ငါကောင်းကြီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကိုငါကျိန် ဆဲမည်။ သင့်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကိုခံရကြလိမ့်မည်။" (က ၁၂း၃)



သင်းအုပ်ဆရာကြီးဒေါက်တာဂျေရောက်လီ

အာဗြဟံသည် ကောင်းကြီးမင်္ဂလာစီးထွက်ရာစမ်းရေဖြစ်သည်ဟု ဘုရားသခင်မိန့်တော်မူ၏။ ဘုရားသခင်က သူ့ကိုမိတ်ဆွေဟုခေါ်သည်။ လုရားသခင်သည်သူ့ကိုချစ်လျက်ကောင်းကြီးပေးခဲ့သည်။ အာဗြဟံ၏ ယုံကြည်ခြင်းခြေလှမ်းကိုလှမ်းနိုင်သောသူသည် သူခံရသောကောင်းကြီးမင်္ဂလာများကိုခံရလိမ့်မည်။ သူတို့သည် ခန္ဓာကျန်းမာခြင်း၊ ဝိညာဉ်ကောင်းစားခြင်းကိုလည်း အလျှံပယ်ရရှိလိမ့်မည်။

အဘယ်ကြောင့် အာဗြဟံကို ယုံကြည်ခြင်း၏ဖခင်အဖြစ်ရွေးကောက်လျက် သူ၏မေတ္တာ၊ ကောင်းကြီးမင်္ဂလာအလျှံပယ်သွန်းလောင်းခဲ့ကြောင်း လေ့လာကြပါစို့။

## ၁။ ဘုရားသခင်သည်သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းအဖြစ်မှတ်ယူလျက်ကောင်းကြီးပေးခဲ့သည်

ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီး၊ အာဒံနှင့်အခြားအရာတို့ဖန်ဆင်းခဲ့သည်။ ထို့နောက် လူကိုအဆက်မ ပြတ်ထောက်ပံ့ပေးခဲ့သည်။ အာဒံအပြစ်ထဲသို့ကျဆင်းသည့်နောက် ဘုရားသခင်သည် ခေတ်အလိုက် သူစိတ်ချ သည့်ပုဂ္ဂိုလ်များကို ရွေးကောက်လျက် လောကကိုအုပ်ချုပ်ခဲ့သည်။

သူတို့အနက် ယုံကြည်ခြင်းဖခင်အာဗြဟံလည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။ အာဗြဟံသည် ဘုရားသခင်အတွက် စိတ်ကောင်းနှလုံးကောင်းကိုထားနိုင်သောသူ၊ စိတ်ဓါတ်တည်ကြည်သောသူဖြစ်သဖြင့် သူသည်ဘုရား သခင်၏အရေးတယူဆက်ဆံမှုကိုခံခဲ့ရသည်။အာဗြံမှအာဗြဟံဖြစ်လာသောသူသည်ထူးခြားသောယုံကြည်ချက်ကိုပိုင်ဆိုင်ထားသူဖြစ်သည်။

"အာဗြဟံသည်ထာဝရဘုရားကို ယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကိုဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။" (က ၁၅း၆) ဤအကြောင်းအရာသည် ဘုရားသခင်က သူ့ကိုရွေးချယ်ကာ ရှုပါရုံ ပေးရသည့်အကြောင်းပြချက်ဖြစ်သည်။

အာဗြဟံသည် လုရားသခင်ပြောသည့်စကားကို ချက်ခြင်းနာခံလျက်ဒုက္ခရောက်နိုင်သည့်အနေအထား၌ ပင် ဘုရားသခင်အပေါ် သံသယစိတ်မဝင်ခဲ့ပါ။

ကမ္ဘာ (၁၂) တွင် သာဓကောင်းတစ်ခုတွေ့ရသည်။ "ထာဝရဘုရားသည်လည်း အာဗြံကိုခေါ်တော်မူ၍ သင် ၏ ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဖော်များထဲကထွက်ပြီးလျှင် ငါပြသောပြည်သို့သွားလော့။" (က ၁၂း၁) သူသည်တွေ ဝေမနေဘဲ ဘုရားသခင်ပြောသည့်စကားကို ချက်ခြင်းနားထောင်ခဲ့သသည်။ ထိုနေရာတွင် အချိန် အနည်း ငယ်မျှဆွဲထားခြင်းမတွေ့ရပါ။ လူအများစုတို့အတွက် မရောက်ဖူးသောအရပ်သို့သွားရန် မိမိအိမ်၊ ဆွေမျိုး သားချင်းများကို ချန်ထားဖို့ ခက်ခဲလေ့ရှိသည်။ သို့ပသော် အာဗြံအနေဖြင့် မဆိုင်းမတွနာခံခဲ့သည်။

သူ၏ထိုသို့သောအကျင့်စရိုက်ကိုတွေ့သည့်နောက် ဘုရားသခင်သည် အာဗြဟံအားလူမျိုးကြီးဖြစ်စေ၍ ကောင်း ကြီးမင်္ဂလာသွန်းလောင်းဖို့ကတိပေးပေးခဲ့သည် (က ၁၂း၂ ၁၅း၄-၅)။

## ၂။ ဘုရားသခင်သည် ကောင်းကြီးထည့်ရမည့်အိုးအဖြစ် ပုံသွင်းရန် ဆင်းရဲခြင်းကိုတွေ့စေခဲ့သည်

ဘုရားသခင်သည် သူ့ကိုကတိပေးပြီးမှ ဒုက္ခနှင့်ကြုံစေခဲ့သည်။ နိုင်ငံကိုယ်စားပြုအားကစားသမားသည် အပင်ပန်း ခံ၍လေ့ကျင့်ရသည့်နည်းတူ အာဗြဟံသည်အနာဂတ်တွင် ကောင်းကြီးမင်္ဂလာနှင့်ထိုက်တန်စေရန် ဒုက္ခနှင့်ရင် ဆိုင်စေခဲ့ရ သည်။

ဒုက္ခများစွာတွေ့ရသည့်ကြားမှ မှန်ပေ၏ဟုသာ အာဗြဟံအနေဖြင့် ပြောနိုင်သည်။ ဘုရားသခင်၏ကတိတော်အ ပေါ် အာဗြဟံသည် ယုံကြည်သောကြောင့် ကောင်းကြီးမင်္ဂလာကို စိတ်ရှည်စွာ စောင့်ဆိုင်းနိုင်သည်။ ထို့နောက် ဘုရားသခင် သူ့ကို ဤသို့ထပ်မံကတိပေးခဲ့သည်။

"ငါပြုသောပဋိညာဉ်သည် သင်၌ရှိ၏။ သင်သည် လူမျိုးအများ ၏အဘဖြစ်လိမ့်မည်။ နောက်တဖန် သင်၏အမည်ကို အာဗြံမခေါ်ရ။ သင်၏အမည်ကို အာဗြဟံ ဟုခေါ်ရ၏။ အကြောင်းမူကား ငါသည် သင့်ကိုများစွာသောလူမျိုးတို့၏အဘအရာ၌ခန့်ထားပြီ" (က ၁၇း၄-၅)။

ဘုရားသခင်သည် ဒုက္ခထဲမှလွတ်မြောက်ရာလမ်းကို အာဗြဟံအတွက် ပြင်ဆင်ပေးပြီး ထိုအရာများမှတဆင့် သူ့အတွက် ကောင်းကျိုးကိုဖော်ထုတ်ပေးခဲ့သည်။ ကမ္ဘာ (၁၂) တွင် သာဓကအဖြစ် တွေ့ရသည်။ အာဗြံသည် အီဂျစ်ပြည်သို့ ဆင်းသွားသည့်အခါ သူ၏ဇနီးသည် လှပသောမိန်းမဖြစ်သဖြင့် သုအသက်ခံရနိုင် ဖွယ်ရှိသည် ဟုခန့်မှန်းခဲ့သည်။ ဘုရားသခင်ကို ယုံကြည်ရမည့်အစား သူ၏ဉာဏ်ဖွင့်ပြသည်အတိုင်း ဇနီးကိုညီ မဖြစ်ကြောင်း ပြောခိုင်းခဲ့သည်။ ဖါရောဘုရင်က မိဘုရားမြောက်ဖို့သိမ်းခဲ့ပြီ။ စာရဲကြောင့် ဘုရားသခင်သည် ဖါရော၏မိသားစုကိုဒဏ်ခတ်လျက်ဘေးဒဏ်ကိုကျ ရောက် စေခဲ့သည်။ ထိုဖါရောကစာရဲကို အာဗြဟံအား ပြန်ပေးခဲ့သည်။ ဤအဖြစ်အပျက်မှ အာဗြံသည်တွေ့ကြုံသမျှအပေါ် ဘုရားသခင်ထံသို့ ဆက်ကပ်ရမည်ဆိုသည့် ကြီးမားသည့် သင်ခန်းစာကို ရရှိခဲ့သည်။

အာဗြဟံသည် ကြီးမားသည့်ဒုက္ခဆင်ရဲခြင်းကိုကြုံခဲ့ရသေည်လည်းပျက်စီးခြင်းသို့မရောက်ပါ။ သူသည် စည်းစိမ်ပင် တိုးပွါးရသောအခွင့်ရရှိခဲ့သည်။ မည်သည့်ရှင်ဘုရင်ကမျှ သူ့ကိုအြခနိုင်ကျင့်ခြင်းမခံရဘဲ ဘုရားသ ခင်၏ကတိတော်အတိုင်း ကောင်းကြီးခံစားခဲ့ရသည် (က ၁၂း၃)။

ထိုသို့နာခံတတ်သောသူအဖို့ ဒုက္ခထဲမှလွန်မြောက်ခွင့်ကို ဘုရားသခင်ပြင်ဆင်ပေးထားသည်။ လက်ရှိအနေအ ထားတွင်ကြီးမားသည့်ဆင်းရဲခက်ခဲမှုခံရစေကာမူအဆုံးပိုင်းတွင် ကောင်းကြီးမင်္ဂလာဖြင့် အဆုံးဆတ်ခွင့်ရ ရှိခဲ့ သည်။ အာဗြဟံသည် ဒုက္ခနှင့်တွေ့နေရစဉ် ဘုရားသခင်အပေါ် နာခံခဲ့သဖြင့် ကောင်းကြီးခံစားခဲ့ရသည်။

ထိုအချိန်တွင် ခါနန်ပြည်၌ရေရှားခဲ့သည်။ အာဗြဟံသည် ရောက်လေရာတွင် ရေတွင်းတူးကာသိုးနွားအစီးအပွါး၊ ရွှေငွေရတတ်သောသူဖြစ်ခဲ့သည်။ တနေ့သောအခါ သူ၏တူတော်မောင်လောတသည် ရန်သူ၏သိမ်းသွားခြင်း ကိုခံရသဖြင့် သူလေ့ကျင့်ပေးထားသည့်စစ်သည် (၃၁၈) ဦးဖြင့် ပြန်လည်ကယ်နှုတ်ခဲ့ရသည်။

အာဗြံသည် ဘုရားသခင်၏စကားကိုနားထောင်လျက်နာခံခဲ့သဖြင့် သူ၏လူမျိုး၊ သူ၏တိုင်းပြည်အပေါ်သို့ ကောင်း ကြီးမင်္ဂလာသက်ရောက်ခဲ့သည်။ သူသည် ရှင်ဘုရင်တို့၏ချီးမြောက်ခြင်းကိုခံရသည့်အပြင် ဥစ္စာ၊ ထင်ပေါ်ကျော် ကြားမှု၊ တန်ခိုး၊ ကျန်းမာရေး၊ သားသမီးများစသည်ဖြင့် ကောင်းကြီးမင်္ဂလာအ လျှံခံစားခဲ့ရသည်။

## ၃။ သူ၏အကျင့်စရိုက်သည် ကောင်းကြီးမင်္ဂလာကို သိုမှီထားရန် ကောင်းသောအိုးမြေဖြစ်သည်

အာဗြံသည် ကောင်းသောအိုးမြေဖြစ်သောကြောင့်ကောင်းကြီးမင်္ဂလာများကို ခံစားခဲ့ရသည်။ ၁ကော ၁၃ တွင် ဖော်ပြထားသည့် ဝိညာဉ်အသီးအပွင့်များဖြစ်သောမေတ္တာကို နေ့စဉ်အသက်တာတွင် သီးပွင့်ခဲ့သဖြင့် ဂလာ ၅ မှ ဝိညာဉ်အသီး ၉ မျိုးကိုလည်းဆက်လက်သီးပွင့်ခဲ့သည်။

သာဓကအနေဖြင့် ပြုလေရာရာ၌ကောင်းမြတ်ခြင်း၊ မေတ္တာကို တွေ့ရသည်။ သူ့အတွက် မနာလိုမုန်း ထားရမည့် ရန်သူမရှိပါ။ သူတစ်ပါး၏အမှားကိုထောက်ပြဖို့ အားထုတ်ခြင်းမပြုပါ။ လူတိုင်းအတွက် အစေခံဖြစ်ခဲ့သည်။ သူ သည် ဒုက္ခတွေ့သောအခါဒေါသထွက်မည့်အစားဝမ်းမြောက်နိုင်သောသူဖြစ်သည်။ ဘုရားသခင်အပေါ် အပြည့် အဝခိုလှုံကိုးစားနိုင်သူဖြစ်သည်အားလျော်စွာ ဝန်းမြောက်မှုနှင့်ပြည့်ဝသောသူဖြစ်သည်။

အာဗြံသည်လူတိုင်းနှင့်အသင့်မြတ်အောင်ပေါင်းဖော်နိုင်သူဖြစ်သည်။ သူသည် ဇနီးစာရဲ၊ ဟာဂရတို့ကို သင့်မြတ် အောင် သွန်သင်ဆုံးမနိုင်သည်။ ထို့နောက် ပတ်ဝန်းကျင်ရှိ လူအမျိုးမျိုးတို့သည် သူ၏သြဇာခံသူများဖြစ်လာ သည်။ သူသည် သူ့ခံစားချက်ကိုရှေ့တန်းတင်သူမဟုတ်သကဲ့သို့ မျင်နှာလိုက်သောသူမဟုတ်သောကြောင့် သည်း ခံစိတ်နှင့်ပြည့်ဝ သူ၊ ဘုရားသခင်၏အသံတော်ကို ကြားနိုင်သောသူတစ်ဦးဖြစ်ခဲ့သည်။

အာဗြံသည် ကြင်နာသနားတတ်သူဖြစ်သည်။ သူသည် သူ၏တူတော်လောတနှင့်စည်းစိမ်တိုးပွါးမှုအငြိုင်အ ဆိုင်ဖြစ်လာသောအခါ လမ်းခွဲခဲ့ရသည်။ သူသည် ကြီးသောသူဖြစ်သောကြောင့် သူသဘောကျသည့်နေရာကို ရွေးချယ်ရ မည်ဖြစ်သော်လည်း တူကိုဦးစားပေးခဲ့သည်။ သင်သည်လက်ဝဲဘက်သို့သွားလျှင် ငါသည် လက်ယာ ဘက်သို့သွားမည်။ သင်သည်လက်ယာဘက်သို့သွားလျှင် ငါသည် လက်ဝဲဘက်သို့ သွားမည်ဟုပြောခဲ့သည်။ ထိုသို့သောသူ၏အပြုအမူအားဖြင့် လောတအပေါ် ကြင်နာသနားစိတ်ရှိကြောင်း သူ့အနေဖြင့် ပြသနိုင်ခဲ့သည်။

သူသည် လူကောင်းတစ်ယောက်ဖြစ်သည်။ လောတသည် သောဒုံရှင်ဘုရင်၏ သိမ်းပိုဒ်ခြင်းခံရသောအခါ အာဗြံ က ပြန်၍ ကယ်တင်ခဲ့သည်။ (က ၁၈း၂၂-၂၃) ထို့ကြောင့် ဘုရားသခင်ကသူ၏နာမည်ကို အာဗြံမှ အာဗြဟံသို့ ပြောင်းလဲခဲ့သည်။ အာဗြဟံသည် သောဒုံမြို့နှင့်ဂေကာမောရမြို့ဖျက်ဆီးခြင်းမှလွတ်မြောက်ဖို့ ဘုရားသခင်ထံသို့ ဆုတောင်းသောအခါ ဖြောင့်မတ်သူ ၁၀ ဦးရှိလျှင် လွှတ်ပေးမည်ဟု အဖြေရရှိခဲ့သည်။ ထိုမြို့သည် ဖြောင့် မတ်သူ ၁၀ ဦးမပြည့်သောကြောင့်ပျက်စီးခဲ့ရသည်။ ဘုရားသခင်သည် အာဗြဟံကို သတိရသောအခါ လောတ တို့မိသားစုကိုမီးထဲမှ လွတ်မြောက်ခွင့်ပေးခဲ့သည်။

အာဗြဟံသည် အသက် ၁၀၀ ပြည့်မှမွေးဖွါးလာသည့်သားကို ဘုရားသခင်ထံသို့ ပူဇော်ရန် ဆက်ကပ်ခြင်းဖြင့် သူ၏သစ္စာစောင့်သိခြင်းကိုလက်တွေ့ပြသခဲ့သည်။ သူသည် မိသားစုဝင်များအပေါ် ကောင်းသော သွန်သင်ချက် ပေးသည့်အပြင် အစေခံများ၊ အိမ်နီးချင်းများအပေါ်ကောင်းစွာဆက်ဆံနိုင်သူဖြစ်သည်။ သူသည် သူတစ်ပါးနှင့် ပြေလည်အောင် ပေါင်းဖော်တတ်သည်သာမက သူတစ်ပါးကို အစေခံရာ၌ပျော်မွေ့သောသူဖြစ်သည်။ သူသည် အမျက်ဒေါသလွန်ကျူးစွာ မထွက်ဘဲ နေနိုင်သူဖြစ်သဖြင့်ရိုင်းစိုင်းသောအပြုအမူကို ရှောင်ရှား နိုင်သူဖြစ်သည်။

ခရစ်တော်၌ ချစ်သောမိတ်ဆွေများ အာဗြဟံ၏အကျင့်ကိုကျင့်သောသူအတွက် သူရခဲ့သည့်ကောင်းကြီးမင်္ဂလာ ခံရဖို့မခဲယဉ်းပါ။ ကိုယ်ပိုင်အတွေးအခေါ်နှင့် အသက်ရှင်လျှင် ဒုက္ခရောက်လိမ့်မည်။ သို့သော် အရာခပ်သိမ်းကို ဘုရားသခင်ထံသို့ ဆက်ကပ်လျှင် ဘုရားသခင်ကို မေးမြန်းစုံစမ်း၍နာခံခြင်းရှိလျှင် ဘုရားသခင်သည် အာဗြဟံကိုပေးခဲ့သည့်ကောင်း ကြီးမင်္ဂလာကိုသင့်အားချပေးလိမ့်မည်။ အာဗြဟံကျင့်သောအကျင့်ကို ကျက်လျက်သူရ သည့်ကောကင်းကြီးမင်္ဂလာများကိုခံရစေရန် ကျွန်ုပ်ဆုတောင်းလျက်ရှိသည်။

Burmese
မန်းမင်းသတင်းလွှာ
မန်းမင်းဗဟိုအသင်းတော်မှ ထုတ်ဝေသည်။

လိပ်စာ - ၂၉၊ ဒီဂျီတယ်-ရို ၂၆-ကဲယ်၊ ကူရို-ကူ၊ ဆိုးလ်၊ ကိုးရီးယား၊ ၁၅၂-၈၄၈
ဖုန်း - ၈၂-၂-၈၁၈-၇၀၄၇
ဖက် (စ်) - ၈၂-၂-၈၁၈-၇၀၄၈
အီးမေးလ် - manminministry@manmin.org
ထုတ်ဝေသူ - ဒေါက်တာဂျေရောက်လီ
အယ်ဒီတာချုပ် - သင်းထောက်မကြီး ဂူဆမ်ဗင်း

# သင်တို့သည် ယုံကြည်သောအခါ သန့်ရှင်းသောဝိညာဉ်တော်ကို ခံယူကြပြီးလား။

ဧဝံဂေလိတရားကိုကြားရသည့်နောက် သခင်ဘုရား၏နာမကို အမှီပြု၍ဆုတောင်းရုံဖြင့်ကယ်တင်ခြင်းမရနိုင်ပါ။ သခင်ဘုရား၏နာမကို အမှီပြုလျက် ဆုတောင်းသည်သာမက ဘုရားသခင်၏အလိုတော်ကို ဆောင်လျက် နာခံ သောသူသည် ကယ်တင်ခြင်းရလိမ့်မည် (မ ၇း၂၁)။

ယေရှုခရစ်တော်ကို လက်ခံသောသူသည်ဘုရားသခင်၏သားဖြစ်ရသောအခွင့်ရှိပြီး သူ၏နာမည်သည်အ သက် စာစောင်တွင်ရေးမှတ်ခြင်းခံရသည့်နောက် စိတ်ထဲတွင် သန့်ရှင်းသောဝိညာဉ်တော်ကို လက်ဆောင်အဖြစ်ခံ ရလိမ့်မည်။ ထိုဝိညာဉ်တော်သည်သူ့ကိုအပြစ်မကျူးလွန်ဘဲဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း ဖြောင့်မတ် စွာ နေထိုင်နိုင်ဖို့ပို့လိမ့်မည်။ သူသည် ယုံကြည်သူအားဘဝဟောင်းသို့ပြန်မသွားစေရန်သော်၎င်း၊ အပြစ်နှင့် မကောင်း မှုကိုစွန့်ပစ်ရန်သော်၎င်း၊ ဘုရားသခင်၏သမ္မာတရား၊ အလိုတော်အတိုင်းအသက်ရှင်နိုင်ရန်သော်၎င်း လမ်းညွှန်ပေးလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာလျှင် လူသည် ဒုတိယမွေးဖွါးနိုင်ပြီး ပြည့်စုံ သောကယ်တင်ခြင်း ကိုလည်းရနိုင်သည်။

ထိုသို့ဆိုလျှင် ကယ်တင်ခြင်းရရှိသည့်သက်သေ၊ သန့်ရှင်းသောဝိညာဉ်တော်ရရှိသည့်လက္ခဏာရပ်တို့ကား အ ဘယ်နည်း။ အောက်တွင်လက္ခဏာ (၈) မျိုးကိုဖော်ပြထားပါသည်။ သင်သည် ဝိညာဉ်တော် ခံယူပြီးသောသူဖြစ်ခဲ့ သော် တိုက်ကြည့်ပါ။

## ပညတ်တော်တို့ကို စောင့်ရှောက်ဖို့ သင်သည် အားထုတ်နေပါသလား။

သန့်ရှင်းသောဝိညာဉ်တော်၏ စိတ်ထဲသို့ကြွလာသေအခါ သင်၏အပြစ်ဖြေလွှတ်ခြင်းခံရကြောင်းသိမြင်ပြီးမှ ဘုရား သခင်၏မေတ္တာကို သဘောပေါက်သဖြင့် သူ့ကိုသာ၍ချစ်လာလိမ့်မည်။ သူ့ကိုသာ၍ချစ်နိုင်ဖို့ရန် ပညတ်တော်တို့ကိုသာ၍စောင့်ရှောက်ရမည်။ "ပညတ်တော်တို့ကိုစောင့်ခြင်းအရာသည် ဘုရားသခင်ကို ချစ်ရာရောက်၏။ ပညတ်တော်တို့ကို စောင့်ခဲသည်မဟုတ်" (၁ယော ၅း၃)။

ဘုရားသခင်၏ နှုတ်ကပတ်ကိုသဘောပေါက်ခြင်း၊ အလိုတော်ကိုသိရှိခြင်းအတွက်ခက်ခဲမှုရှိကြောင်း အစပိုင်းတွင် တွေ့ရလိမ့်မည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိသည့်နောက် ဘုရားသခင်၏အလိုတော်တစ်ခုခုကိုဖွဲ့ကိုင်လျက်နှုတ်ကပတ်တော်ကိုလိုက်လျှောက်နိုင်လိမ့်မည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်၏အလိုတော်ကို လိုက်လျှောက်ဖို့ လမ်းညွှန်ပေးခြင်းအလုပ်ကို အဆက်မပြတ်ပြုလုပ်လိမ့်မည်။

## ဘုရားသခင်၏အလိုတော်ကိုလိုက်နာဖို့သင်၏ ဆန္ဒရှိပါသလား။

ဘုရားကျောင်းတက်ဖို့ အတင်းအဓမ္မစေခိုင်းခံရသည့်အချိန်ရှိနိုင်သည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော် ကိုခံရသည့်နောက် ဘုရားသခင်သည် သူ၏တစ်ပါးတည်းသောသားတော် သင့်အတွက် လောကသို့စေလွှတ် ခဲ့သည်သာမက အပြစ်အတွက် သူကိုယ်သူ ယဇ်ကောင်အဖြစ် ပူဇော်ခဲ့ကြောင်းသဘောပေါက်လျက် စိတ်ထဲတွင် ခံစားစေလိမ့်မည်။ ထို့နောက် သင်သည် ဝတ်ပြုစည်းဝေးမှန်သမျှကို အလိုလိုပါဝင်ချင်စိတ်ဖြစ်ပေါ်လာပြီး နှုတ်ကပတ်တော်ကိုလိုက်လျှောက်နိုင်လိမ့်မည်။ တစ်ခါတစ်ရံ ယုံကြည်ခြင်းအားနည်းလာသောအခါ နှုတ်ကပတ်တော်ကို ချိုးဖောက်သည့်အချိန်ရှိနိုင်သော်လည်း အားမလျှော့ဘဲ ဆုတောင်းလျှင် ဝိညာဉ်တော်သည် အောင်မြင်သည့်တိုင်အောင် ခွန်အားပေးလိမ့်မည်။ ဝိညာဉ်တော်၏အားပေးမှုအားဖြင့် ယုံကြည်ခြင်းကြီးထွားလာသည့်နောက် နှုတ်ကပတ်တော်ကို အပြည့်အဝလိုက်နာ နိုင်လိမ့်မည်။

## သန့်ရှင်းသောအသက်တာနှင့်အသက် ရှင်ရန်ကြိုးစားပါသလား။

သန့်ရှင်းသောဝိညာဉ်တော်သည်သင့်အထဲတွင်ရှိလျှင်သင်၏အသက်တာဟောင်းသို့ပြန်လည် အသက်ရှင်လိုသောစိတ်ရှိမည်မဟုတ်ပါ။ အပြစ်၊ မကောင်းသောအရာများကိုမုန်းပြီး ကောင်းသောအရာနှင့်သင့်နှလုံးသားကို ပြည့်ဝရန်ကြိုးစားလိမ့်မည်။

သင့်အထဲတွင်ဝိညာဉ်တော်ရှိလျက်နဲ့ အပြစ်ကျူးလွန်လျှင် ပျော်ရွှင်နိုင်မည်မဟုတ်ပါ။ ထိုသို့ အပြစ်ကို မကျူးလွန် လျှင် ဖိစီးသောစိတ်သည် သင့်ထံမှခွါပြီး ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် ပြည့်ဝလိမ့်မည်။ အမှန်ဆိုရလျှင် ထိုနည်းအားဖြင့် ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ထာဝရအသက်ရှင်ခြင်းသို့ရောက်နိုင်ရန် ကူညီလိမ့်မည်။

## ခရစ်တော်၌ညီကိုမောင်နှမများကို ချစ်ခင်ပါသလား။

သင့်အထဲတွင်ဝိညာဉ်တော်ရှိလျှင် ခရစ်တော်၌ ညီကိုမောင်နှမများသည် ထာဝရတည်မြဲသောကောင်းကင်တွင် သင်နှင့်မိသားစုတစ်စုဖြစ်မည့် ဘုရားသခင်၏ သားသမီးများဖြစ်ကြသည်။ ထို့ကြောင့် သူတို့ကို သင့်မိသားစု ထက် ပိုပြီး ချစ်ခင်လာလိမ့်မည်။

ထို့ပြင် ဘုရားသခင်နှင့် ကိုယ်တော်၏ ခန္ဓာကိုယ်ဖြစ်သောနှင့် သိုးထိန်းများကို ပိုချစ်လာပြီး အမှုတော်ဆောင်ရန် စိတ်အားထက်သန် လာလိမ့်မည်။

"ဘုရားသခင်ကို ချစ်ပါသည်ဟုဆိုလျက် ညီအကိုကို မုန်းသောသူသည် လူလိမ်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မျက်စိဖြင့်မြင်ရသူညီအစ်ကိုကိုမချစ်သောသူသည် မျက်စိဖြင့်မြင်မရသည့်ဘုရားသခင်ကို ချစ်နိုင်မည်မဟုတ်သောကြောင့်တည်း" (၁ယော ၄း၂၀)။

## ယုံကြည်ခြင်းဖြင့် လောကကို သင် အောင်နိုင်ပြီလော။

"အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏သားသမီးဖြစ်သူသည် လောကကို အောင်နိုင်သောကြောင့် ဖြစ်သည်။ ငါတို့သည် ယုံကြည်ခြင်းအားဖြင့် လောကကို အောင်ခြင်းဖြစ်ပေသည်" (၁ယော ၅း၄)။

သန့်ရှင်းသောဝိညာဉ်တော်ရရှိသော ဘုရားသခင်၏သားသမီးများသည် အပြစ်ကျူးလွန်သောလောကီသားများနှင့် မိတ်သဟာယဖွဲ့ရမည့် အစား ဝိညာဉ်တော်၏ကူညီခြင်းဖြင့် ဘုရားသခင်၏ အလိုတော်ကို လိုက်လျှောက်ကြပြီး ထိုသို့လိုက်လျှောက်ခြင်းဖြင့် လောကကို အောင်နိုင်သော ဝိညာဉ်ရေးရာယုံကြည်ခြင်းကို ရရှိပြီး ထိုယုံကြည် ခြင်းဖြင့် မည်ကဲ့သို့သော အခက်အခဲကို မဆို မကြောက် ဝံ့ကြတော့ပါ။

## ကယ်တင်ခြင်း၌ စိတ်ချမှုရှိပါသလား။

သင်သည် ဘုရားကျောင်းကို မှန်မှန်တက်သော်လည်း သန့်ရှင်းသော ဝိညာဉ်တော်မရရှိလျှင် ကယ်တင်ခြင်းတွင် စိတ်ချမှုရှိမည်မဟုတ်ပါ။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်ရရှိလျှင် ယုံကြည်သူသစ်ဖြစ်ပါစေ ကယ်တင်ခြင်း၌စိတ်ချမှုရှိကြောင်း အာမခံလိမ့်မည်။

ဘုရားသခင် နှုတ်ကပတ်တော်အတိုင် လေ့ကျင့်လျှင် အထက်ကောင်းကင်မှလာသော ယုံကြည်ခြင်းသည် မျှော် လင့်ခြင်းပေးလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ငါတို့သည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်နှင့်မှန်ကန်စွာ ဆက်သွယ်ခွင့်ရ၍ နှုတ်ဖြင့် ဝန်ခံခြင်းအားဖြင့် ကယ်တင်ခြင်းခံရသောကြောင့်ဖြစ်၏ (ရော ၁၀း၉-၁၀)။

## သင့် ဆုတောင်းချက် ပြည့်လိမ့်မည်ဟု ယုံကြည်ပါသလား။

"ယင်းသို့ ကိုယ်တော် နားညောင်းတော်မူသည်ကို သိကြသဖြင့် ငါတို့သည် မိမိတို့တောင်းလျှောက်သည့်ဆုများကို ချပေးတော်မူသည်ကိုလည်း သိကြ၏" (၁ယော ၅း၁၅)။

သန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံပြီး မိမိကိုယ်ကို ဘုရားသခင်၏ သားသမီးဖြစ်မှန်းသိသောသူအတွက် ဘုရားသခင်သည်ခမည်းတော်ဖြစ်သည်။ ထို့ကြောင့် သင်အလိုရှိသောအရာကို တောင်းလျက် အဖြေရမည်ဟုလည်း မျှော်လင့်နိုင်ပါသည်။ ဘုရားသခင်၏အလိုတော်အတိုင်း အဘယ်သို့ဆုတောင်းရမည်ကိုလည်း ဝိညာဉ်တော် သည် သွန်သင်လျက် ကောင်းကြီးမင်္ဂလာများစွာ စီးဆင်းလာကြောင်း တွေ့ရလိမ့်မည်။

## ဘုရားသခင်ကိုဦးထိပ်ထား၍အသက်ရှင်ပါသလား။

သူ၏တပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင်သင့်ကိုချစ်သောဘုရားသခင်၏ မေတ္တာကိုသဘောပေါက်လျှင် ဘုရားသခင်ကိုဦးထိပ်မထားဘဲနေနိုင်မည်မဟုတ်ပါ။

မုသားစကားပြောတတ်သောသူသည်ရိုးသားစွာပြောဆိုလာမည်။ မေတ္တာတရားခေါင်းပါးသော သူသည် မေတ္တာနှင့်ပြည့်ဝလာမည်။ သူတပါးနှင့်ခင်မင်မှုပျက်ပြားသောသူသည်ဆက်ဆံရေးကောင်းလာမည်။ အမှောင်ထဲတွင် နေထိုင်သောသူအလင်းသို့ ရောက်လာမည်။ သူသည်ဘုရားသခင်၏ အလိုတော်၊ သမ္မာတရားကိုလိုက်လျှောက် ကာ ဝိညာဉ်တော်အတူပါရှိခြင်း သက်သေကိုပြလိမ့်မည်။

# “ဘုရားသခင်၏မျက်မှောက်တော်နှင့် သူ၏မေတ္တာတော်ကိုကျွန်ုပ်ခံစားခဲ့ရပြီး။”

မဗစ်တိုရီးယာကိုလက်ဆိုဝါ (၁၈) နှစ်၊
သမ္မာတရားသက်စမ်းရေအသင်းတော်၊ အက်စတိုးနီးယာ


(ဓါတ်ပုံ)၊ မကိုလက်ဆိုဝါနှင့်မိခင်၊ ညီမများ- မန်းမင်နွေရာသီအားသစ်လောင်းသင်တန်း-၂၀၁၄ ခုနှစ်. . .

ကျွန်ုပ်သည် သမ္မာတရားသက်စမ်းရေအသင်းတော်၊ အက်စတိုးနီးယာ၏ သင်းအုပ်ဆရာဂရီဂေါ်ရီကို လီ ဆော်၏ သမီးဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်စက်တင်ဘာလတွင် ဒေါက်တာဂျေရောက်လီမှ အက်စတိုးနီးယား အံ့ဩဖွယ်တရားဟောပွဲကျင်းပရန် ပြင်ဆင်သည့်ဖိုက် မန်းမင်သာသနာပြုအဖွဲ့နှင့် တွေ့ခဲ့သည်။ သူတို့ကဒေါက်တာ လီ၏ နှုတ်ကပတ်တော်ဟောပြောမှုဖြင့်နိမိတ်လက္ခဏာများစွာ ထင်ရှားကြောင်းသက်သေခံခဲ့ကြသည်။ သူအလွန် ခွန်အားရသဖြင့် မန်မင်အသင်းတော်နှင့် လက်တွဲဖို့ဆုံးဖြတ်ခဲ့သည်။ ထိုအချိန်မှစ၍ အင်တာနက်ဖြင့်ဘ ဝတ်ပြု စည်းဝေးကျင်းပသည့်မန်းမင်အသင်းတော်သို့ မိသားစုအလိုက်ပါဝင်ခွင့်ရရှိခဲ့သည်။

၂၀၁၂ ခုနှစ်နိုဝင်ဘာလ (၁၅) ရက်နေ့တွင် ကျွန်အပိုက်နာသဖြင့်ဆေးရုံရောက်ခဲ့ရသည်။ မမျှော်လင့်ဘဲ သားအိမ်ထဲတွင် ရေဝင်နေသည်ကိုစစ်ဆေးတွေ့ရှိခဲ့ရသည်။ ကျွန်မကိုသာ၍ကြီးမားသည့်ဆေးရုံသို့သွား၍ ခွဲစိတ် မှုခံယူဖို့ အကြံပေးကြသည်။ ဒေါက်တာလီက ရောဂါမှန်သမျှအပြစ်ကြောင့်ဖြစ်ပေါ်လာကြောင်း (ထွ ၁၅း၂၅) ဒေါက်တာလီ၏ တရားဟောချက်ကို ကြားရသည့်နောက်ဘုရားသခင်၏ နှုတ်ကပတ်တော်တိုင်း အသက်ရှင်ဖို့ကြိုး စားခဲ့သည်။

ဒေါက်တာလီကောင်းကြီးပေးထားသည့်လက်ကိုင်ပုဝါ (တ ၁၉း၁၁-၁၂) ကိုအသုံးပြုကာ ဆရာ-ဂရေဂေါ်ရီမှ ဆုတောင်းပေးခဲ့သည်။ အင်တာနက်မှ ထုတ်လွှင့်သော အစီအစဉ်အရ-နိုဝင်ဘာလ (၂၃) ရက်နေ့ည-သေ ာကြာညညလုံးပေါက်ဆုတောင်းအစီအစဉ်တွင် ဒေါက်တာလီ၏ ဆုတောင်းခြင်းကိုခံယူခဲ့သည်။ ကျွန်မ၏ဝေဒ နာခံရသော နေရာသည်ပူလာပြီးမှ သက်သာပျောက်ကင်းခွင့်ရရှိခဲ့သည်။ ထို့နောက် ဆေးရုံသို့သွား၍စစ်ဆေးခိုင်း သောအခါ ရေအိတ်သည်ပျောက်ကွယ်သွားပြီဟု သိရသဖြင့်ဆရာဝန်များပင်အံ့ဩခဲ့ကြသည်။

၂၀၁၄ ခုနှစ် ဇွန်လတွင်အထက်တန်းပညာကိုအမှတ်အများဆုံးနှင့်အောင်မြင်ခဲ့သဖြင့် ရွှေဆုရရှိခဲ့သည်။ အက်စ်တိုနီးယားနိုင်ငံတွင် အဆင့်အမြင့်ဆုံးတက္ကသိုလ်ဖြစ်သောတာတူတက္ကသိုလ်သို့ ဝင်ခွင့်ရရှိခဲ့သည့်နောက်သမ္မတ ၏ ညနေစာဖိတ်ကျွေးခြင်းကိုခံခဲ့ရသည်။

၂၀၁၄-ခုနှစ် ဇွန်လိုင်လတွင် ကျွန်မ၏မိခင်၊ညီမများနှင့်မန်းမင်းနွေရာသီးအား သစ်လောင်းသင်တန်းအတွက် တောင်ကိုးရီးယားသို့သွားခဲ့ကြသည်။ သင်တန်းသည် (၄) ရက်ကြာမြင့်ခဲ့သည်။ ဒေါက်တာလီ၏ဆုတောင်း ခြင်းဖြင့် ကျန်းမာလာသူတို့၏ သက်သေခံချက်များကြားခဲ့ရသည်။ အားကစားပွဲတော် ကာလလည်းဖြစ်သဖြင့် ရာသီဥတုလည်သာယာသဖြင့် လှပသောပိုးကောင်များပျံသန်းကြသည်ကိုတွေ့ခဲ့ရသည်။ မီးပုံပွဲကျင်းပ၍ ချီးမွမ်းခြင်းပွဲတော်ကိုလည်း ကျင်းပခဲ့ပြီး၊ ဒေါက်တာလီ၏ ဆုတောင်းခြင်းဖြင့် ငန်သည့်ရေမှ ချိုသည့်ရေဖြစ် လာသောမူအန်ရေတွင်းသို့လည်း သွားရောက်လည်ပတ်ခဲ့ကြသည်။ တစ်ခါသာတွေ့ကြုံခဲ့ရသော်လည်း မေ့၍မရပါ။ အက်စတိုနီးယားရောက်ပြီးမှလည်း ဘုရား၏မေတ္တာခံရဆဲဖြစ်၏ ဟာလေလုယာ။

# “လည်းချောင်းနှင့် ကျောကုန်းနာသည့်ရောဂါသက်သာပျောက်ကင်းခြင်း”


ကိုဒိတ်ဆုပ်ကင်မ် (အသက် ၄၆နှစ်)
၃-၂၃-သင်းအုပ်ပိုင်နယ်၊ တောင်ကိုးရီးယား

သင်းထောက်မ၊ ကျွန်ုပ်၏ဇနီး မျူန်ကင်မ်၏ ဦးဆောင်မှုဖြင့် ၂၀၁၃ ခုဇနဝါရီတွင် မန်းမင်းဗဟိုအသင်းတော်သို့ သွားရောက်ပါဝင်ခဲ့သည်။ နှစ်ပါတ်လွန်ပြီးမှအသက်ရှင်သော ဘုရားကိုတွေ့ရသဖြင့် ကျွန်ုပ်အသက် တာပြောင်းလဲခဲ့သည်။

ကျွန်ုပ်အပြင်းအထန်ဖျားသောကြောင့် အလုပ်မှနှစ်ရက်ခွင့်ယူခဲ့ရသည်။ ကျွန်ုပ်သည် တနင်္ဂနွေဝတ်ပြုစည်းဝေးသို့ပါဝင်ကာ ဒေါက်တာဂျေရောက်လီ၏ အနာငြိမ်းခြင်းဆုတောင်ခြင်းကိုခံယူခဲ့သည်။ ကျွန်ုပ်၏အ ဖျား ရောဂါသည် ပျောက်ကင်းသည့်နောက်တစ်နေ့တွင် အလုပ်ဆင်းနိုင်ခဲ့သည်။ ကျွန်ုပ်သည် ဆေးလိပ်သောက်ချင် စိတ်ရှိသော်လည်းထိုနေ့မှစ၍ ဆေးလိပ်သောက်ချင်စိတ်မရှိတော့ပါ။

ဒေါက်တာလီရေးသားသည့်မသေမီထာဝရအသက်ကိုမြည်းစမ်းခြင်းလက်ဝါးကပ်တိုင်၏သတင်းစကားစသည့်စာအုပ်ကို ကျွန်ုပ်ဖတ်ခဲ့ရသည်။ ဘုရားသခင်၏မေတ္တာကိုစတင်ခံစားခဲ့ရပြီး လက်ဝါးကပ်တိုင်၏အဓိပ္ပါယ်ကို သဘောပေါက်ခဲ့သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စတင်လိုက်လျှောက်ပြီးမှ ဥပုဒ်နေ့ကို ကောင်းမွန်စွာ စောင့်ရှောက်ခြင်း၊ ဆယ်ဖို့တစ်ဖို့ပေးလျှုခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထို့နောက်တီဗွီ၊ အားကစား၊ ရုပ်ရှင်ကြည့် ခြင်းများကိုဖြတ်တောက်နိုင်ခဲ့သည်။

ကောင်းကင်နိုင်ငံနှင့်ငရဲအကြောင်းတရားဟောချက်ကို ဒေါက်တာလီက အင်တာနက်မှတဆင့် လွှင့်ထား သဖြင့် ကျွန်ုပ်ကြည့်ခဲ့ရသည်။ ထိုတရားဟောချက်နားထောင်ပြီးမှ ဘုရားသခင်၏အလိုတော်ကို ဆောင်ခြင်း မည်မျှအထိအရေးကြီးကြောင်းသဘောပေါက် လာသည်။ သမ္မာတရားနှင့်မကိုက်ညီသော စိတ်ဓါတ်အားလုံးစွန့် လွှတ်နိုင်ဖို့ ကျွန်ုပ်အစာရှောင်ဆုတောင်းခဲ့သည်။ ကျွန်ုပ်၏ဇနီးကို စတင်တန်ဖိုးထားရမှန်းသိလာပြီး အလုပ်တွင်ရှိသောမိတ်ဆွေများကို အဆင်ပြေအောင်ပေါင်းသင်းဆက်ဆံတတ်လာသည်။

ဒံယေလဆုတောင်းခြင်းတည်းဟူသောသောကြာနေ့ညလုံးပေါက်ဆုတောင်းခြင်းပြုလုပ်ခဲ့ကြသည့် ၂၀၁၄ ခု ဇွန်လိုင်လ (၁၃) ရက်နေ့တွင် ကြောက်မတ်ဖွယ်အတွေ့အကြုံကို ရရှိခဲ့သည်။ ကျွန်ုပ်၏နားထဲတွင် အလွန် ကျယ်လောင်သောအသံတစ်မျိုးကြားခဲ့သည်။ အစပိုင်းတွင်တောင်အောက်နားတွင်ထိုင်ရသောကြောင့်ကြားရခြင်း ဖြစ်မည်ဟု ယူဆထားခဲ့သည်။ ကျွန်ုပ်အထက်တန်းကျောင်းသားဘဝတွင် အမြင့်တစ်နေရာမှပြုတ်ကျသည့်နောက် ဘယ်ဖက်ဖက်နားစည်ပျက်စီးခဲ့သည်။ ထို့နောက်ဘယ်ဖက်ခြမ်းနားသည် ကောင်းစွာမကြားရတော့ပါ။ ကျွန်ုပ်ဖုန်း နားထောင်သည့်အခါ ဘယ်ဖက်နားနှင့်နားထောင်လျှင်မကြားရပါ။ ဖုန်းဆက်သောတစ်ဖက်လူကိုလည်း အလွန်အားနာခဲ့ရသည်။ ဝတ်ပြုစည်းဝေးသို့ပါဝင်ပြီးမှ ဘယ်ဖက်နားကောင်းမွန်စွာ ပြန်လည်ကြားခဲ့ရသည်။

ထို့နောက် (၁၅) တိုင်တိုင် ခံစားခဲ့ရသည့်လည်ချောင်း၊ ကျောကုန်းနာကျင်သည့် ဝေဒနာများလည်း ပျောက်ကင်းသက်သာခွင့်ရရှိခဲ့သည်။ ထို့နောက် ဒေါက်တာလီကာ (၃) ရက်အစာရှောင်ဆုတောင်းပြီးမှ အနာငြိမ်းခြင်း သင်တန်း၊ အားသစ်လောင်းသင်တန်းကျင်းပမည်ဟု သိရခဲ့ရသည်။

ထိုသင်တန်းသို့သွားရာ၌ လည်းချောင်းရောဂါအတွက်သောက်ဆေးများယူလာခဲ့သည်။ ကျွန်ုပ်သည် တစ်ရှူးအမြောက်အများကို အသုံးပြုခဲ့ရသည်။ ကျွန်ုပ်၏နှာခေါင်းမှနှာရည်အဆက်မပြတ်ထွက်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းထိုရောဂါသာ၍ ဆိုးဝါးလာသည်။ ထို့ကြောင့် မေ့လွယ်ခြင်း၊ အာရုံစူးစိုက်မှုမရှိနိုင်ခြင်း၊ လုပ်ငန်းခွင်၌ မကြာခဏအမှားပြုလုပ်မိခြင်းရှိခဲ့သည်။ ထို့နောက်မိုးရာသီးတွင် ဆိုးဝါးသောခေါင်းကိုက်ရောဂါ လည်း ခံစားခဲ့ရသည်။ ထို့ကြောင့် အလုပ်မှ စောစောဆင်းရသည့်အကြိမ်ပေါင်းမနည်းတော့ပါ။

ကျွန်ုပ်၏ ကျောကုန်းလည်း နာသဖြင့် လည်ပင်းကျိုးမသွားစေရန်ဆေးကုသမှုခံယူခဲ့ရသည်။ သို့သော်အခြေအ နေမှ တနေ့တစ်ခြားဆိုးဝါးသည့် အနေအထားရောက်လာသည်။ ကျောကုန်းနာသည့်ရောဂါမှ ကြွက်သား၊ အရိုးအဆစ်များအားလုံးကိုက်ခဲလာသဖြင့်ခန္ဓာကိုယ်ကို မသယ်ချင်တော့လောက်အောင်ဖြစ်ခဲ့သည်။

အနာငြိမ်းခြင်းသင်တန်း ပထမရက်တည်းဟူခသာ ၂၀၁၄ခု ဩဂုတ်လ (၄) ရက်နေ့တွင် ဒေါက်တာလီ၏ဆု တောင်းခြင်းကိုခံယူခဲ့သည့်နောက်ထိုရောဂါအားလုံးသက်သာပျောက်ကင်းခွင့်ရရှိခဲ့သည်။ ယခုအခါ ကောင်း စွာ အသက်ရှူလျက်နေထိုင်ခွင့်ရရှိခဲ့သည်။ဤကဲ့သို့ကျန်းမာခြင်းကိုပေးသောဘုရားသခင်၏ ဘုန်းတော်မြတ်သာ၍ထင် ရှားပါစေသော။